
ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထု
သက်မင်းကျော်ရှိ
သရဲသချိုင်း ရဲ့ ဒဏ္ဍာရီ
ဒိဒိုင်း ရာဝဏ

# သူရဲသင်္ချိုင်းရဲ့ ဒဏ္ဍာရီ သို့မဟုတ် သူရဲဥမင်နှင့်ပတ်သက်၍

သူရဲ- ဟူသည် ၊ သူရ -ဆိုသည့် ပါဠိဝေါဟာရဖြစ်၍ နေသို့မဟုတ် နေနတ်မင်း၏ သားတော် ဟု အဓိပ္ပာယ်ရသည် ။ ထို့ကြောင့် သူရဲဥမင် သို့မဟုတ် နေနတ်မင်း၏ သားတော်ဥမင်(လှိုဏ်ဂူ) ဟူ၍ လည်း ခေါ်ဆိုနိုင်ပါ၏။

သူရဲတောင်တွင် ရှိသော သူရဲဥမင်သို့သွားရန် သီးသန့်ကားလမ်းဟူ၍ မရှိပါ။ သူရဲဥမင်ဘုရားပွဲသည် တစ်နှစ်တွင် တပေါင်းလပြည့်နေတစ်ရက်တည်းသာ ဘုရားပွဲကျင်းပခြင်းကြောင့် တောချုံများ ထူထပ်ကာ သားရဲတိရစ္ဆာန်ကြီးများ နှင့် မြွေကြီးများ ကျက်စားခိုအောင်းရာတောကြီးလည်း ဖြစ်ခဲ့ပါ၏။ ပွဲတော်ကာလသို့ရောက်ရှိမှ သာ သူရဲတောင်ခြေအနီးရှိ သူရဲရွာ၊ နောင်ရဲရွာ၊ ဟင်းခါးပင်ရွာ အစရှိသောရွာများမှ ဝိုင်းဝန်းပြုပြင်ဖောက်လုပ်ထားသည့် တောင်ပတ်လမ်းအတိုင်း ထရက်တာ နောက်ဆွဲယာဉ်များ ၊ လှည်းများ ဖြင့်သာ သွားလာရသည် ။ ဒေသခံများမှ မူ မိသားစုအလိုက် လှည်းတချို့၊ ခြေလျင်တချို့နှင့် တပျော်တပါး သွားလာကြရသည် ။ အောင်ပန်း၊ ပင်းတယ၊ ကားလမ်းမှ အနောက်မြောက်ဘက်သို့ (၆) မိုင်ခန့်ခရီးနှင်ရသော တောင်အတက်အဆင်း လမ်းကြောလေးဖြစ်သည် ။ ပင်းတယဝန်းကျင်ဒေသတွင် လူစည်ကားလှသော "သူရဲဥမင်လှိုဏ်" ဘုရားပွဲတစ်ပွဲလည်း ဖြစ်သည် ။

သူရဲဥမင် မှ ထူးဆန်းသော မွှန်းတည့်ဂူ၊ လျှို့ဝှက်ဝက်ပါ၊

ဥမင်လမ်းကြောများ ၊ ဒေသခံများ ၏ သမိုင်းနောက်ခံ ပါးစပ်ရာဇဝင် ဇာတ်ကြောင်းများကို သဘောကျနှစ်ခြိုက်သဖြင့် စာရေးသူ၏ ပုံဖော်ဇာ တ်ကြောင်းများ ဖြင့် ဖြည့်စွက်ကာ "သူရဲသင်္ချိုင်းရဲ့ ဒဏ္ဍာရီ" ဟူသော သ မိုင်းနောက်ခံ ချောက်ချောက်ချားချား ပရဆန်းကြယ်ဝတ္ထုတစ်ပုဒ်ကို ရေးသားခြင်းသာ ဖြစ်ကြောင်း ဝန်ခံအပ်ပါသည် ။

(စာရေးသူ)

ရေကြောင့် ရွှံ့နွံ ဖြစ်၏။

ထိုရွှံ့နွံကို ...

ရေနှင့်သာ ဆေးကြောရာ၏။

စိတ်ကြောင့် ရောဂါရ၏။

ထိုရောဂါကို

စိတ်ဖြင့်သာ ကုသရာ၏။

ဓမ္မပဒ

မှီငြမ်းကိုးကားချက်

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မ ဂ္ဂဇင်းတွင် အခန်းဆက်ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ဆရာ ခွန်စိုင်းဝမ်း ရေးသားသည့် "သဒ္ဒါထက်သန်လျှင် အကြံအောင်မြဲ သူရဲဥမင်" ဆောင်း ပါးနှင့် ဒေသခံများ ၏ ပါးစပ်ရာဇဝင်များကို မှီငြမ်းကိုးကားမှု ပြုပါသ

ည် ။

(စာရေးသူ)

# အခန်း (၁)
# ည ဖမ်းစားတဲ့ သူရဲသင်္ချိုင်းအော်သံ

လပျောက်နေသည့် သန်းခေါင်ယံညဦ့ ...

လမိုက်ညတစ်ညဖြစ်ခြင်းကြောင့် သူရဲသင်္ချိုင်းကြီးတစ်ခုလုံး အမှောင်နက်နက်အောက်တွင် ပျော်ဝင်စီးမျောနေပါ၏။

ရံဖန်ရံခါ ဦးတည်ရာမဲ့ ဝေ့ဝဲတိုက်ခတ်နေသည့် မြောက်ပြန်လေသရမ်းကြောင့် အခက်ချင်းနွယ်၊ အပင်ချင်းယှက်နေကြသည့် သစ်ပင်ကြီးငယ်များ ယိမ်းထိုးလှုပ်ယမ်းနေကြသည် မှာ နာနာဘာဝ မကောင်းဆိုးဝါးကောင်ကြီးများ သက်ဝင်လှုပ်ရှားနေကြသည် သို့ ...။

သစ်ကိုင်းသစ်ခက်များ ပွတ်တိုက်ညည်းညူသံ၊ သားစားညဥ့်ငှက်တို့၏ ဟစ်အော်သံ၊ ပိုးပုရစ်ကောင်ငယ်လေးများ ၏ တကျည်ကျည်အော်မြည်သံ၊ တစ်ခါတစ်ရံ သင်္ချိုင်းဇရပ်ပျက်ကြီးဆီမှ ပြုတ်ကျွာကျနေသည့် သွပ်ပြားချပ်များ ၏ တဖြန်းဖြန်း ရိုက်ခတ်သံကြီးများ နှင့် တရှီရှီ အော်မြည်လျက်ရှိသော မြွေတွန်သံကြီးများမှ အပ ညဥ့်ဖမ်းစားခံထားရသည့် သူရဲသင်္ချိုင်းကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည် ။

ညဥ့်လေရူးတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လိုက်တိုင်း ညှီစို့စို့ပုပ်အက်အက် အနံ့ဆိုးကြီးများကလည်း သူရဲသင်္ချိုင်းအတွင်းဝယ် လွင့်ပျံစီးမျောနေပါ၏။ သူရဲသင်္ချိုင်း၏ သန်းခေါင်ယံညဥ့်သည် တစ်စတစ်စ နက်ရှိုင်း

လာခဲ့သည် ။ ထို့အတူ ပို၍ ပို၍ ရင့်ရော်လာပါ၏။

မကြာခဏဆိုသလို မြေအောင်းကြွက်ကြီးများ ၏ အစာလုသံ၊ မာန်ဖီသံကြီးများက တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော သန်းခေါင်ယံ လမိုက်ညကို ပိုမို၍ ချောက်ချားစေသည် လား။

ညဥ့်ကောင်းကင်နက်နက်ထက်မှာ တော့ မှိတ်တုတ် မှိတ်တုတ် ကြယ်စုလေးများ ပင် တိမ်မည်းညိုများကြားတွင် တိမ်မြုပ်ငုပ်လျှိုးနေကြသည် ။

ညဥ့်နက်လာသည် နှင့်အမျှ နှင်းငွေ့မြူမှုန်များကလည်း ပိုမို၍ သိပ်သည်းစွာ ကျရောက်လာပါ၏။

သူရဲတောင်ခြေရှိ သူရဲရွာကြီးဆီမှ ရုံဖန်ရုံခါ ကြားရသော ခွေးအူသံကြီးများက မြောက်ပြန်လေထဲတွင် သွေးပျက်ချောက်ချားဖွယ်လွင့်မျောလျက်။

'ဟူး ဝူး ဝူး အူး ဝူး ဝူး အူး'

တစ်ချိန်တည်းမှာ ပင် သူရဲသင်္ချိုင်းအတွင်းဘက်ရှိ ဇရပ်ပျက်ကြီးအနီးရှိ ညောင်ပင်ကြီးပေါ်မှ လင်းဆွဲတစ်အုပ်က တဝုန်းဝုန်းနှင့် ထပျံသွားကြသည် ။

'ဖြန်း ဖြန်း ဝေါ ဖရော ဖျော'

သူရဲသင်္ချိုင်းအတွင်းရှိ သင်္ချိုင်းအုတ်ဂူအပျက်အစီးများ ၊ ထိုးထိုးထောင်ထောင် မှတ်တိုင်အကျိုးအပျက်များ နှင့် မြက်ရိုင်းပင်ရှည်ကြီးများက သန်းခေါင်ယံလေရူး၏ တိုက်ခတ်မှုအောက်တွင် တရှဲရှဲ တဟဲဟဲနှင့် လန့်ဖျပ်ကာ တစ်ရေးနိုးထလာသည် သို့။

ဤသည် မှ စ၍ အိပ်မောကျနေသည့် သူရဲသင်္ချိုင်းကြီးသည်

သန်းခေါင်ယံညဥ့်အလွန်သည် လေတိုးသံ၊ ညဥ့်ငှက်ပြိုင်သံ၊ ညည်းညူသံကြီးများ ဖြင့် သက်ဝင် လှုပ်ရှားလာခဲ့ပါတော့သည် ။

မကြာမီ သူရဲတောင်ခြေဘက်ဆီမှ တရွေ့ရွေ့နှင့် ရွေ့လျားလာသည့် မီးလုံးနီနီတစ်ခုက သူရဲသင်္ချိုင်းကြီးရှိရာသို့ လွင့်မျောလာနေသည် သို့။

ထိုမီးလုံးနီနီကြီးသည် နိမ့်လိုက်၊ မြင့်လိုက်နှင့် သူရဲသင်္ချိုင်းကြီး၏ အဝင်ဝရှိ ညောင်မုတ်ဆိတ်ပင်ကြီးအောက်သို့ ရောက်ရှိလာခဲ့သည် ။

သည် တစ်ကြိမ်တော့ မီးလုံးနီနီကြီးနှင့်အတူ မည်းမည်း အရိပ်သဏ္ဍာန်ကြီးတစ်ခုကိုပါ ပူးတွဲ၍ မြင်တွေ့လိုက်ကြရသည် ။

ဝင်းခနဲ လက်ခနဲ ထွက်ပေါ်လာသည့် မီးရောင်အလင်းနှင့် အတူ ထို အရိပ်မည်းကြီးက သင်္ချိုင်းမြေပုံများ အကြားတွင် ရွေ့လျားသွားလာနေသည် ကို ထူးခြားစွာ မြင်တွေ့နေရပါ၏။

ထိုစဉ် မှန်မီးအိမ်ကြီးကို မြှောက်ကာ သင်္ချိုင်းမြေပုံမှတ်တိုင်များ အလယ်တွင် စမ်းတဝါးဝါးနှင့် သွားနေသည့် အရိပ်မည်းကြီးသို့မဟုတ် စောင်ကြားအမည်းကြီး တစ်ထည်ကို ခြုံထားသည့် မုတ်ဆိတ်ဖြူတရုတ်ကြီးတစ်ဦးကို မှုန်ဝါးဝါးမီးရောင်တွင် တွေ့လိုက်ရသည် ။

မုတ်ဆိတ်ဖြူကြီးသည် ဘယ်လက်ဖြင့် မီးအိမ်ကို မြှောက်ကိုင်ကာ ညာလက်တွင် ပေါက်ချွန်းတစ်ချောင်းကိုကိုင်စွဲလျက် မှတ်တိုင်တစ်ခုချင်းစီကို သေချာစွာ ကြည့်ရှုလိုက်ပြီး သက်ပြင်းကြီးတစ်ခုကို မသက်မသာ ချလိုက်ပါ၏။

"ဟူး ... ဒီပုံအတိုင်းသာဆိုရင် ရှာဖို့ သိပ်မလွယ်ပါလား၊ သူရဲသင်္ချိုင်းပျက်ကြီးကလည်း ပျက်စီးနေတာ နှစ်ချီနေပြီဆိုတော့ ဖုန်းဆိုးပျက်ကြီး

လို ဖြစ်နေပြီ၊ ငါတွေ့ချင်တဲ့ မြေပုံကို ရှာတွေ့ဖို့ က အချိန်ယူ ပြီး ရှာမှ တွေ့မယ်ထင်တယ်"

မှတ်ဆိတ်ဖြူကြီးက ညဥ့်လေရူးတွင် တဖျပ်ဖျပ် လွင့်ပျံ့နေသည့် ခြုံစောင်နက်နက်ကြီးကို ဆွဲယူသိမ်းလိုက်ရင်း ချုံကြီးချုံကြားမြေပုံကြို မြေပုံကြားများ တွင် မီးအိမ်ကြီးကို မြှောက်ကာ သူအမှိကတွေ့လိုသည့် မြေပုံတွင် သဲကြီးမဲကြီး ရှာဖွေနေပါချေ၏။

မှတ်ဆိတ်ဖြူကြီး၏ နဖူးပြင်ထက်မှ ယိုစီးကျလာသည့် ချွေးသီး ချွေးပေါက်များက မြောက်ပြန်လေ အေးစိမ့်စိမ့်၏ သန်းခေါင်းယံညဥ့်ကို လှောင်ပြောင်ကျီစယ်နေသည် သို့။

မည်သို့ပင် ဖြစ်စေ ဤသူရဲသင်္ချိုင်းပျက်ကြီးအတွင်းမှ သူလိုချင်သည့် မြေပုံတစ်ခုကို ရှာဖွေနေသည် မှာ ယနေ့ညနှင့်ဆိုလျှင် သုံးညတိတိ ရှိခဲ့ပါပြီ။

တစ်နည်းဆိုရလျှင် ယနေ့ညသည် သုံးညပြည့်သောနေ့။

သူ့အတွက် နောက်ဆုံးလက်ကျန် အခွင့်အရေးမှာ သည် ညတစ်ညသာ ကျန်ရှိတော့သည် ။

နောက်ဆုံးနေ့ ...

နောက်ဆုံးည ...

နောက်ဆုံးအခွင့်အရေး ...။

ယနေ့ညမှာ သာ သူသဲသဲမဲမဲ ရှာဖွေနေသည့်အရာကို မတွေ့ရှိခဲ့ပါလျှင် သူကိုယ်တိုင်အနှစ်နှစ် အလလ ကြံစည်ကြိုးကုတ်ခဲ့သော သို့မဟုတ် ပခုံးပြောင်းတာဝန်ဖြင့် လက်ဆင့်ကမ်း အမွေခံယူခဲ့ရသော လုပ်ငန်းကြီးတစ်ခုလုံးမှာ လုံးဝ ရေစုန်မျောလိုက်ရမည့် ကိန်းပင် မဟု

တ်ပါလား။

‘ဂီး’

‘ဖြန်း ဖြန်း’

ထိုစဉ် မုတ်ဆိတ်ဖြူကြီး၏ ဦးခေါင်းထက်ရှိ သစ်ကိုင်းပေါ်မှ ညဥ့်ငှက်တစ်ကောင်က ဂီးခနဲ တစ်ချက်အော်မြည်ကာ တောင်ပံခတ်သံ တဖြန်းဖြန်းနှင့် အလန့်တကြား ထပျံသွားသဖြင့် လူထွားကြီးမှာ ထိတ်ခနဲပင် ဖြစ်သွားပါ၏။

"ဟာ ... အရေးထဲ ဒီငှက်စုတ်က တစ်မျောင့်ကွာ ... ဟင်း"

စင်စစ် ဤသူရဲသင်္ချိုင်းပျက်ကြီးသည် သူရဲရွာ၊ နောက်ရဲရွာများ နှင့် လွန်စွာ အလှမ်းဝေးခြင်း၊ သူရဲတောင်ခြေနှင့် နီးကပ်စွာ တည်ရှိခြင်း၊ လျှိုမြောင်များ နှင့် တောထူထပ်ခြင်း စသည် တို့ ကြောင့် သူရဲသင်္ချိုင်းပျက်ကြီးထဲတွင် ရံဖန်ရံခါ ဆိုသလို တောကောင်ကြီးငယ်များကို တွေ့ရှိရတတ်သည် ။

သစ်ကျူတ်၊ တောကြောင်၊ ခွေးအစသော သားစားသတ္တဝါကောင်များ နှင့် ကြီးမားလှသော မြွေကြီးများကိုလည်း တွေ့ရတတ်သည် မို့ မုတ်ဆိတ်ဖြူကြီးမှာ လက်စွဲတော်ပေါက်ချွန်းကြီးကို ကိုင်စွဲကာ သတိကြီးစွာဖြင့် ရှာဖွေနေခြင်း ဖြစ်သည် ။

သည် ကြားထဲ တောကောင်ကြီးငယ်များက မကြာခဏဆိုသလို လူသေခေါင်းများကို ဖော်ယူစားသောက်လေ့ရှိသဖြင့် သူရဲသင်္ချိုင်းတွင် တစ်ပိုင်းတစ်စ တူးဖော်စားသောက်ထားသည့် ရုပ်အလောင်းများ နှင့် ရုပ်ပျက်ဆင်းပျက် အလောင်းတချို့ကိုလည်း တွေ့မြင်နေရပါ၏။

ထို့ကြောင့်လည်း လမိုက်ညဥ့်သန်းခေါင်ယံအလွန်

သူရဲသင်္ချိုင်းပျက်ကြီးထဲတွင် ညှိစို့စို့ ပုပ်အက်အက် အနံ့ဆိုးကြီးများ နှင့် မြေကြွက်ကြီးများ ၏ အစာလုမာန်ဖီသံကြီးများကသာ ချောက်ချားဖွယ် ကြီးစိုးပျံ့လွင့်နေပါတော့သည် ။

သန်းခေါင်ယံအလွန် ညဥ့်လေရူးသည် ဟိုမှ သည် မှ ဦးတည်ရာမဲ့ တိုက်ခတ်နေဆဲ။

မုတ်ဆိတ်ဖြူကြီးကလည်း သင်္ချိုင်းမြေပုံများကြားတွင် မီးအိမ်ကြီး ကို မြှောက်ကာပင့်ကာနှင့် သဲသဲမဲမဲရှာဖွေလျက် ရှိနေဆဲ။

ထိုအချိန်တွင် ...

"ဟင်"

ချုံနွယ်များ ရစ်ပတ်လျက် တစ်ဝက်တစ်ပျက် ပြိုကျပျက်စီးနေသည့် သင်္ချိုင်းအုတ်ဂူတစ်လုံးကို ကြည့်ကာ လူထွားကြီးမှာ ထိတ်ခနဲ ရင်ခုန်သွားပါ၏။

ပို၍ သေချာစေရန် မီးအိမ်မီးစာကိုမြှင့်ကာ အုတ်ဂူပျက်တွင် ရစ်ပတ် ဖုံးအုပ်နေသည့် ချုံနွယ်များကို လက်ထဲမှ ပေါက်ချွန်းဖြင့် ခပ်ကြမ်းကြမ်း ဆွဲဖယ်ပစ်လိုက်သည် ။

တစ်ချိန်တည်းမှာ ပင် အုတ်ဂူပျက်၏ ဝဲယာဘေးတစ်ဖက်တစ်ချက် ကိုပါ ပေါက်ချွန်ကြီးနှင့် ဆွဲဖယ်ရှင်းလင်းလိုက်ရင်း တစ်စုံတစ်ရာကို ရှာ ဖွေလိုက်ပါ၏။

"ဟော...ဟုတ်ပြီ ... ဟုတ်ပြီထင်တယ်"

သူ တွေ့ရှိလိုက်သည့် အုတ်ဂူပျက်ကြီး၏ ဝဲယာဘေး တစ်ဖက်တစ်ချ က်တွင် လည်း အုတ်ဂူဟု ယူဆနိုင်သည့် အုတ်ပုံတချို့ တစ်ဝက်ကိုပါ တွေ့မြင်လိုက်ရသဖြင့် မုတ်ဆိတ်ဖြူကြီး၏ မျက်နှာတွင် အပြုံးရိပ်တချို့

လင်းလက်သွားသည် သို့ …။

ထိုစဉ်မှာ ပင် သူ ရှင်းလင်းခုတ်ထွင်နေသည့် အလယ်အုတ်ဂူပျက်ကြီ း၏ ခေါင်းရင်းပိုင်းမှ မှေးမှိန်ပျက်စီးနေသည့် စာတချို့ကို မြင်လိုက်ရသ ည် မို့။

"ဟာ … ဒီ ဒီမှာ တ တရုတ်စာလုံးတွေ၊ ဟုတ် … ဟုတ်ပြီ"

ထိတ်ခနဲ ခုန်သွားသော ရင်အစုံကိုဖိကာ အုတ်ဂူမှ ပျက်ယွင်းနေသ ည့် တရုတ်စာလုံးများ အောက်မှ မြန်မာစာဖြင့် ရေးထိုးထားသည့် မပီဝိုး ဝါး စာလုံးများကို မီးရောင်မှိန်မှိန်အောက်တွင် အသံထွက်၍ ဖတ်ကြ ည့်လိုက်သည် ။

"ဦး ကောင်း လီ … ဟော သေချာပြီ၊ ဒီ ဒီအုတ်ဂူပဲ၊ ဟုတ်တယ် ဟု တ်တယ် … တပ်မှူးကြီးဂူချောင် ငါ့ကိုပြောပြလိုက်တာ ဒီ ဒီ နာမည်ပဲ … ဟင်း ဟင်း"

စာလုံးများ ပင် ပျက်ယွင်းနေပြီဖြစ်သည့် တရုတ်ကုန်သည် ကြီး ဦး ကောင်းလီ၏ သင်္ချိုင်းမြေပုံကို အမှတ်မထင် တွေ့မြင်လိုက်ရသည် မို့ မောပန်းနွမ်းနယ်မှု၊ သွေးပျက်ထိတ်လန့်မှု ဟူသမျှတို့ သည် ရုတ်ခြည်းပ င် လွင့်ပြယ်သွားကြသည် လေလား။

"ဟား … ရှာလိုက်ရတာ ဦးကောင်းလီရယ်၊ ကျုပ်ဖြင့် လက်လျှော့ရပြီလို့ တောင် ထင်နေတာ၊ ဟူး … အခုမှ ပဲ တွေ့ရတော့တ ယ်"

မုတ်ဆိတ်ဖြူကြီးမှာ လက်ထဲမှ မီးအိမ်ကြီးကို အနီးရှိ အုတ်ဂူပျက်တ စ်ခုပေါ်တွင် တင်လိုက်ပြီး ဦးကောင်းလီ၏ အုတ်ဂူပျက်ကြီးအနီးမှာ ပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည် ။

ပြီးမှ ခြုံထားသည့် စောင်ကြမ်းကြီးဖြင့် မျက်နှာပြင်ထက်ရှိ ချွေးသီးချွေးပေါက်များကို ခပ်ကြမ်းကြမ်း သုတ်ဖယ်လိုက်ကာ ခေတ္တခဏ အမောအပန်းဖြေနေပါ ချေ၏။ သူ့ရဲ့သင်္ချိုင်းကြီးကမူ လမိုက်ည၏ ရင်ခွင်ထဲဝယ် တိတ်ဆိတ်စွာ အိပ်မောကျနေဆဲပါ။

တစ်ချိန်တည်းမှာ ပင် သူ၏ အကြားအာရုံတွင် တရုတ်တပ်မှူးကြီးဝူချောင်း၏ စကားသံတချို့ကို ပြန်လည်ကြားယောင်လာမိသည် သို့။

"အင်း … ဝ သိသလောက်ဆိုရင် ဒီလက်စွပ်ဟာ ကမ္ဘောဇ ပြည်နယ် မိန်တောင်းစော်ဘွားကြီးက တရုတ်ဧကရာဇ်မင်းမြတ်ကို ဆက်သခဲ့တဲ့ ' လန့်လုစွေ့' လို့ ခေါ်တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းကျောက်စိမ်းလက်စွပ်တစ်ကွင်းပဲကွ၊အင်း … ဝ သိသလောက်ဆိုရင် ဒီလက်စွပ်ဟာ ကမ္ဘောဇ ပြည်နယ် မိန်တောင်းစော်ဘွားကြီးက တရုတ်ဧကရာဇ်မင်းမြတ်ကို ဆက်သခဲ့တဲ့ 'လန့်လုစွေ့' လို့ ခေါ်တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းကျောက်စိမ်း လက်စွပ်တစ်ကွင်းပဲကွ၊

ဒါပေမဲ့ သာမန်ကျောက်စိမ်းလို့ တော့ မထင်လိုက်နဲ့ နော်၊ အင်မတန်ရှားပါးတဲ့ 'ကျောက်စိမ်းနက်'ကို သိဒ္ဓိတန်ခိုးတွေတင်ပြီး ကုပ်ထားတဲ့ ရတနာပစ္စည်းတစ်ခုပဲကွ၊ ဒါ့အပြင် ကျောက်စိမ်းနက်ပေါ်မှာ 'စွေ့' (အသက်) လို့ အဓိပ္ပာယ်ရတဲ့ စာလုံးတစ်ခုကိုလည်း ထွင်းထုထားသေးတယ် …၊

အဲဒီ လက်စွပ်ကို ဂါထာအကြိမ်တစ်သောင်းတိတိ ရွတ်ဆိုပြီး သိဒ္ဓိထပ်တင်၊ ပြီးရင် ဝတ်ဆင်ထားတဲ့ လူဟာ အသက်ရှည်တယ်၊ ရောဂါအန္တရာယ်အမျိုးမျိုးက လွတ်မြောက်စေတယ်၊ ဘေးဥပါဒ် အန္တရာယ် ခပ်သိမ်းက ကျော်လွှားလွတ်မြောက်နိုင်တယ် …၊

နောက်ပြီး အဲဒီလက်စွပ် ဝတ်ဆင်ထားတဲ့ လူဟာ ရတနာသုံးပါးနဲ့ မိ

ဘဆရာသမားတွေကို စော်ကားကျူးလွန်မိခဲ့မယ် ဆိုရင်တော့ သစ္စာကျိုးပျက်ပြီး တန်ခိုးဣဒ္ဓိပါဒ်တွေ ပျက်ပြယ်သွားစေတဲ့ အပြင် ဝတ်ဆင်ထားတဲ့ လူကိုပါ ကျိန်စာဆိုးတွေသင့်စေတယ်လို့ ဆိုထားတယ် မုတ်ဆိတ်ကြီးရေ"

ထိုစဉ်မှာ ပင် ရုတ်တရက် သူ၏ ခြေထောက်ပေါ်မှ ဖြတ်ကျော်၍ ပြေးလွှားသွားကြသည့် မြေကြွက်ကြီးနှစ်ကောင်ကြောင့် မုတ်ဆိတ်ဖြူတရုတ်ကြီး၏ လွင့်မျောနေသည့် အတွေးရေယာဉ်ကြောမှာ ပြတ်တောက်သွားပါလေ၏။

'ကျွိ ကျလိ ကျလိ ကျွိ ကျွိ'

'ဖျော ဖရော ဖျော ဝရော'

"ဟား ... သောက်ကျိုးနည်း၊ ဒီ မြေကြွက်ကြီးတွေနဲ့ တော့ကွာ၊ သွားသွားကြစမ်း ... ရှူး ရှူး"

'ဝေါ ဖရော ဖြန်း ဖြန်း'

မုတ်ဆိတ်ဖြူကြီးမှာ သူ့အနီးတွင် ပတ်ချာလှည့်ကာ ချောင်းနေကြသည့် မျက်လုံးနီနီလေးများ နှင့် မြေကြွက်ကြီးများကို ဆဲဆိုအော်ဟစ်ရင်း လက်ထဲ့ လှံရှည်ကြီးနှင့် ဝှေ့ရမ်းခြောက်လှန့်ကာ မောင်းနှင်လိုက်သည်။

ပြီးလျှင် ခြုံစောင်အနက်ကြီးကို ခွာချလိုက်ပြီး ကျောတွင် လွယ်သိုင်းထားသည့် စစ်သုံးကျောပိုးအိတ်ကြီးကို ဖြုတ်ချလိုက်ပါ၏။

ထို့နောက်မှာ တော့ မုတ်ဆိတ်ဖြူကြီး၏ လက်ထဲမှ ပေါက်ချွန်းနှင့် တစ်ဝက်တစ်ပျက် ပြိုပျက်စပြုနေပြီဖြစ်သည့် တရုတ်ကြီး ဦးကောင်းလီ၏ အုတ်ဂူပျက်ကြီးကို စတင်၍ တူးဖော်လိုက်သည်။

မကြာမီ 'သူရဲသင်္ချိုင်းကြီး' ၏ ညဥ့်နက်နက်တွင် မုတ်ဆိတ်ဖြူကြီး၏ အုတ်ဂူတူးဆွသံ တဒုတ်ဒုတ်က လေးလေးမှန်မှန် ထွက်ပေါ်နေပါတော့သည်။

***

# အခန်း (၂)
# လန့်လုစွေ့နှင့် ကျိန်စာသင့်ကြသူများ

မြောက်ပြန်လေက တစ်ချက်တစ်ချက် သံစဥ်မညီမညာနှင့် တိုက်ခတ်နေသည် ။ ညဥ့်တစ်ဝက်ကျော်ကျော် ပျောက်ဆုံးနေသည့် တစ်ခြမ်းပဲ့လကွေးကွေးလေးက တိမ်မည်းညိုများကြားမှ ထွက်ပြူလာပါ၏။

'ဒုတ် ဒုတ် ချွင် ချွမ် ဒုတ်'

သူရဲသင်္ချိုင်းပျက်ကြီးအတွင်းမှာ တော့ 'ကျောက်စိမ်းနက်' ရတနာ( လန့်လုစွေ့) ကို မက်မောခြင်းကြီးစွာဖြင့် အုတ်ဂူပျက်ကို ဖြိုချနေသည့် တဒုတ်ဒုတ်မြည်သံများက မုတ်ဆိတ်ဖြူကြီး၏ ရင်ခုန်သံ စည်းချက်နှင့် အပြိုင် မြည်ဟည်းနေကြသည် သို့။

တစ်ချက် တစ်ချက် သင်္ချိုင်းပျက်ကြီးထဲမှ စူးစူးဝါးဝါးထွက်ပေါ်လာသည့် ညှီစို့စို့အနံ့အသက်များကြောင့် မုတ်ဆိတ်ဖြူတရုတ်ကြီးခမျာ အသက်ရှူများ ပင် မှားလုမတတ် အော်ဂလီဆန်သွားပါ၏။

သို့သော် တန်ဖိုးမဖြတ်နိုင်သော 'လန့်လုစွေ့ကျောက်စိမ်းနက်' ရတနာ၊ တန်ခိုးသိဒ္ဓိထူးများ အစွမ်းသတ္တိထူးများ ဖြင့် ပြီးပြည့်စုံသော ကျောက်စိမ်းနက် လက်စွပ်ကလေးကို ရယူပိုင်ဆိုင်လိုစိတ်က ပြင်းပြနေသည်မို့ အုတ်ဂူကိုသာ သဲသဲမဲမဲ တူးဖော်ဖြိုဖျက်နေပါတော့သည် ။

"ဟူး ... တော်ပါသေးရဲ့ ၊ အုတ်ဂူက တောကောင်တွေကြောင့်လား

မြေကြွက်ကြီးတွေကြောင့်လား မသိဘူး၊ တစ်ဝက်တစ်ပျက်လောက် ပြို ကျပျက်စီးနေလို့ သာပေ့ါ၊ အကောင်းအတိုင်းသာဆိုရင် မလွယ်ဘူး၊ တော်တော်ဖြိုချရမယ် ... ဟူး"

မျက်နှာထက်သို့ စီးကျလာသော ချွေးများကို လက်ခုံနှင့် သုတ်ဖယ် လိုက်ရင်း မုတ်ဆိတ်ဖြူတရုတ်ကြီးမှာ ညည်းတွားနေမိသည် ။

မကြာခင် မီးအိမ်အလင်းရောင်အောက်တွင် မြေကြွက်ကြီးများ ဖော က်ထွင်းထားသည့် ဦးကောင်းလီ၏ ခေါင်းတလားအနက်ကြီးက အုတ် ကျိုးပဲ့များကြားမှ ဘွားခနဲ ပေါ်လာခဲ့သည် ။

ထို့အတူ မုတ်ဆိတ်ဖြူ တရုတ်ကြီး၏ မျက်လုံးအစုံကလည်း လောဘ ရောင် လင်းလက်ဝင်းပြောင်လာသည် သို့။

ယခုအချိန်မှာ တော့ ဝိုးတဝါးလရောင်အောက်ရှိ သွေးပျက်ချောက်ချားဖွယ်၊ ထိတ်လန့်တုန်လှုပ်ဖွယ် သုချိုင်းပျက်ကြီးထဲတွင် တစ်ယောက်တည်း အဖော်မဲ့လျက်ရှိနေသ ည် ကိုပင် မေ့လျော့နေလေပြီထင့်။

'ဒုံး ဒုံး ဒုံး ကျွိ ဖရော'

အေးစိမ့်စိမ့် ဆောင်းညဥ့်သန်းခေါင်ယံအလွန်တွင် ဇောချွေးများ ပင် ပုံလျက်ရှိသည့် မုတ်ဆိတ်ဖြူကြီးက တရုတ်ကြီးဦးကောင်းလီ၏ ခေါင်း တလားအဖုံးကြီးကို ပေါက်ချွန်းဖြင့် ထုရိုက်ဖွင့်နေပါလေ၏။

'ကျွိ ဒုန်း ဒုန်း ကျွိ ဂလွမ် ဂွမ်'

မကြာမီ ခေါင်းတလား အဖုံးကြီးမှာ မုတ်ဆိတ်ဖြူကြီး၏ ပေါက်ချွန်း ဒဏ်ချက်ကြောင့် ဂလွမ်းခနဲ မြည်ကာ ပွင့်ဟသွားခဲ့သည် ။

"ဟား"

တရုတ်ကြီး ဦးကောင်လီ၏ ရုပ်အလောင်းကြီးမှာ မြေကြွက်ကြီးများ၏ လက်ချက်ဖြင့် ကြည့်ရဲ၊ မြင်ရဲစရာပင် မရှိပါလေတော့။

သို့သော် မုတ်ဆိတ်ဖြူကြီးကမူ နှာခေါင်းကို အဝတ်ဖြင့်ပိတ်ဖုံးလိုက်ပြီး ဦးကောင်းလီ၏ ရုပ်အလောင်းတွင် ကျောက်စမ်းနက်လက်စွပ် ရှိ မရှိ မီးအိမ်ကြီးဖြင့် မရွံမရှာကြည့်ရှု စစ်ဆေးနေပါ၏။

"ဟော ... ဒီ ဒီ ဒီမှာ ... လန့် လန့် လု စွေ့"

မီးအိမ်အလင်းတွင် ရတ်တရက် အစိမ်းရောင်များ ယှက်ဖြာလင်းလက်သွားသည် ။ သေသေချာချာကြည့်လိုက်တော့မှ အရိုးများ ပင် ကျလုနီးပါး ရှိနေသည့် ဦးကောင်းလီ၏ လက်ဝဲလက်ရှိ 'ကျောက်စိမ်းနက်လက်စွပ်' မှ ယှက်ဖြာလင်းလက်နေခြင်း ဖြစ်ပါတော့သည် ။

"ဟာ ... တ တ တကယ့်ကို တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပါလား၊ ဒီ ... ဒီ လန့်လုစွေ့ဆိုတဲ့ ကျောက်စိမ်းနက်လက်စွပ်ကလေးကို ငါ ... ငါ ... ငါ ပိုင်ဆိုင်ခွင့် ရတော့မှာ ပါလား ... ဟင်း ဟင်း ဟင်း"

အလိုရမ္မက်၊ မတော်လောဘတို့ နှင့် အဝိဇ္ဇာအမှောင်တိုက်တို့ သည် လူသားများ စွာတို့ ၏ နှလုံးသားတို့ ကို ညစ်နွမ်းစေပါ၏။ ထို့အပြင် အရောင်အသွေး အမျိုးမျိုးတို့ ကိုလည်း ဆိုးပေးတတ်ကြသေးသည် ။

ယခုလည်း တန်ဖိုးအားဖြင့်လည်းကောင်း၊ တန်ခိုးဣဒ္ဓိပါတ် သိဒ္ဓိထူးများ ဖြင့်လည်းကောင်း ထုံမွမ်းထားသည့် လျှို့ဝှက်နက်နဲလှသော 'လန့်လုစွေ့' ခေါ် ကျောက်စိမ်းနက်လက်စွပ်တစ်ကွင်းကို အကြောင်းပြု၍ မုတ်ဆိတ်ဖြူကြီး၏ စိတ်အာရုံတို့ သည် လောဘအဝိဇ္ဇာအမှောင်တိုက်တွင် သာ နစ်မျောပျော်ဝင်နေလျက် ရှိပါချေပြီကော။

ထိုအချိန်တွင် ညဥ့်ကောင်းကင်ထက်ဝယ် လတစ်ခြမ်းပဲ့နှင့် ကြယ်ရောင်စုံတချို့ ထွက်ပြူလာကြသည် ။ ရံဖန်ရံခါ စီးမျောတိုက်ခတ်လာသည့် မြောက်ပြန်လေရူးသည် သူရဲသင်္ချိုင်းဘက်ဆီသို့ တဝေါဝေါနှင့် ဝေ့ဝဲတိုက်ခတ်၍ လာပြန်၏။

ထို့ကြောင့် လေတိုးသံ၊ သစ်ပင်သစ်ကိုင်းရိုက်ခတ်သံ၊ ညဥ့်ငှက်အော်မြည်သံများ နှင့် သူရဲသင်္ချိုင်းမြေသည် ဆူညံစွာ ဟစ်အော်မြည်ကြွေးလာပြန်သည် သို့ ...။

ထိုအချိန်တွင် ခေါင်းတလားကြီးအတွင်းရှိ 'လန့်လုစွေ့' ကျောက်စိမ်းနက်လက်စွပ်မှ အနက်ရောင်များ ထူးဆန်းစွာ လင်းလက်ဖြာထွက် လာပြီး လူရိပ်တွေလိုလို တိရစ္ဆာန်ရုပ်တွေလိုလို ဝေ့ဝဲလှုပ်ရှားနေကြသည် ကို မုတ်ဆိတ်ဖြူကြီး မြင်တွေ့လိုက်ရသည် ။

"ဟင် ... ဘာကောင်တွေလဲဟ၊ အို ... ရှုပ်ပါတော့ကွာ၊ သူ့ဟာသူ ဘာကောင်ကြီးတွေပဲဖြစ်ဖြစ် ဟို လက်စွပ်ကိုပဲ ရအောင်ယူတော့မယ် ... ဟင်း ဟင်း"

လေသာအမှောင်လုံးလုံး ဖုံးလွှမ်းနေပြီဖြစ်သည့် မုတ်ဆိတ်ဖြူကြီးမှ ခေါင်းတလားကြီး အနီးတွင် ရစ်ဝဲနေကြသည့် ဝိညာဉ်ကောင်များ လိုလို အရိပ်သဏ္ဍာန်ကြီးများကို ဂရုမထားနိုင်ပါလေတော့။

ထို့အတူ အသားစများကို မြေကြွက်ကြီးများက ဝါးမျိုစားသောက်သွားကြပြီမို့ အရိုးငေါငေါသာကျန်ရစ်ခဲ့ပြီးဖြစ်သည့် တရုတ်ကြီး ဦးကောင်းလီ၏ လက်ယာဘက်လက်ချောင်းများကိုလည်း သတိမမူနိုင်ခဲ့ပေ။

ထိုအချက်က မုတ်ဆိတ်ဖြူကြီး၏ ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမည်ဖြစ်ကြောင်း ကြိုတင်၍ သိရှိနိုင်ခဲ့မည်ဆိုပါလျှင်။

မုတ်ဆိတ်ဖြူကြီးက လက်ထဲမှ မီးအိမ်ကို အုတ်ဂူထိပ်တွင် တင်လိုက်ပြီး ခေါင်းတလားကြီးအတွင်းသို့ ကုန်းကာ လက်စွပ်ကို ဖြုတ်ယူရန် ကြိုးစားလိုက်သည် ။

"တောက် … လက်စွပ်ကလည်း အသားစထဲ မြုပ်နေတာလား မသိဘူး၊ ချွတ်ယူရတာ မလွယ်ပါလား … ဟူး"

ကျောက်စိမ်းနက်လက်စွပ်က လက်ဆစ်တစ်ခုတွင် ကျပ်နေသည် မို့ မုတ်ဆိတ်ဖြူကြီးခမျာ ကုန်းကုန်းကွကွဖြင့် ခဲရာခဲဆစ် ချွတ်ယူနေရပါ၏။ သည် ကြားထဲ ညှီစို့စို့ ပုပ်အက်အက်အနံ့များက မခံမရပ်လောက်အောင် စူးစူးဝါးဝါးထွက်ပေါ်လာသည် မို့ မုတ်ဆိတ်ဖြူကြီးမှာ စိတ်မရှည်နိုင်တော့။

"ဟင် … ဒီလောက်တောင်ဖြစ်လှတာ၊ ကိုင်းကွာ … ကိုင်း"

အလောင်းကောင်၏ ဆွေးမြည့်နေသည့် အသားစများ နှင့် လက်ဆစ်တွင် နစ်ဝင်ကာကျပ်နေသည် မို့ ‘ကျောက်စိမ်းနက်လက်စွပ်’ ကို မုတ်ဆိတ်ဖြူကြီးက စိတ်မရှည်စွာဖြင့် အားကုန်ဆောင့်၍ ဆွဲချွတ်လိုက်သည် နှင့် …

‘ဗွီး … ဖောက်’

"ဟာ … အ အား"

ရိပ်ခနဲ မြောက်တက်လာသည့် အလောင်းကောင်၏ အရိုးကျနေသည့် ယာဘက်လက်ချောင်းများက ကုန်းကုန်းကွကွ ဖြစ်နေသည့် မုတ်ဆိတ်ဖြူကြီး၏ ဘယ်ဘက်မျက်လုံးဆီသို့ တည့်မတ်စွာ စူးစိုက်သွားပါလေ၏။

"အား"

ရုတ်တရက် အသည်းခိုက်မျှ နာကျင်စူးရှလွန်းသော ဝေဒနာဆိုးကြီး တစ်ခုကို ခံစားလိုက်ရပြီး သွေးများ စီးဖြာကျလာသည့် မျက်လုံးတစ်ဖက်ကို လက်ဝါးဖြင့်အုပ်ကာ ကြောက်လန့်တကြား ဟစ်အော်လိုက်သော မုတ်ဆိတ်ဖြူကြီး၏ သွေးပျက်ချောက်ချားဖွယ် ဟစ်အော်သံကြီးက သန်းခေါင်ယံ ညဉ့်အလွန် သူရဲသင်္ချိုင်းပျက်ကြီးထဲဝယ် ပဲ့တင်ရိုက်ခတ်သွားပါ လေတော့သည်။

***